အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

အရေးယူမှု ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ် အစီရင်ခံစာ

သတင်းထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၁၄၊ ၀၁၊ ၂၀၁၄

"အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်အောက်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုခံနေရဆဲဖြစ်သည်..."

မြန်မာနိုင်ငံရှိ တိုင်းရင်းသူအမျိုးသမီးများသည် စစ်ပွဲများ၏ နောက်ဆက်တွဲဆိုးကျိုး ဝန်ထုတ်ဝန်ပိုးများကို ထမ်းထားကြရပြီး လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှုကို ယနေ့ထက်ထိ စစ်ပွဲနှင့် ဖိနှိပ်မှု ယန္တယားအဖြစ် မြန်မာနိုင်ငံတွင် အသုံးပြုနေဆဲဖြစ်သည်ကိုတွေ့နေရသည်။ ထို့အပြင် အမျိုးသမီးများအပေါ် စစ်ပွဲကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် အရေးယူမှုမှ ကင်းလွတ်ခြင်းဟူသော စနစ်ကြီးသည် လည်း ဆက်လက်ခိုင်မာလျက်ရှိနေသည်ကို မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ဤအစီရင်ခံဖြင့် မီးမောင်း ထိုးဖော်ပြအပ်ပါသည်။

WLB နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများသည် ၂၀၁၀ ရွေးကောက်ပွဲကာလမှ စတင်၍ ၂၀၁၃ စက်တင်ဘာအထိ မြန်မာ့တပ်မတော်မှ မုဒိန်းပြုကျင့်ခြင်းကို ခံခဲ့ရသော အမျိုးသမီးများ၏ အမှုပေါင်း (၁၀၀) ကျော်ကို အချက်အလက်စုဆောင်းမှတ်တမ်းတင်ဖော်ပြထားပါသည်။ ယခုအစီရင်ခံစာတွင် ကချင်ပြည်နယ်တွင် ပြုလုပ်ခဲ့သောထိုးစစ်နှင့် ဆက်စပ်နေသည့် မြန်မာအစိုးရစစ်သားများ ကျူးလွန်ခဲ့သော လိင်အကြမ်းဖက်မှု ခံခဲ့ရသည့်အမျိုးသမီး (၅၉) ဦး၊ ရှမ်းပြည်နယ်တွင်ဖြစ်ပွားခဲ့သော အမျိုးသမီးနှင့် မိန်းကလေး (၃၅) ဦး၊ ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အဖြစ်အပျက် (၉) ခုတို့ကို မှတ်တမ်းတင်ထားပါသည်။

အမှု (၄၇) ခုသည် ရက်စက်သော အုပ်စုလိုက် မုဒိန်းပြုကျင့်မှုများဖြစ်ပြီး ကျူးလွန်ခံရသူများမှာ အငယ်ဆုံး အသက် ၈ နှစ်အရွယ်အထိပင် ပါဝင်သည်။ အမျိုးသမီး (၂၈) ဦးမှာ သတ်ဖြတ်ခံရခြင်း သို့မဟုတ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ကြပါသည်။ အဖြစ်အပျက်များသည် မြို့နယ် (၃၅) ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဤအမှုများတွင် တပ်ရင်းပေါင်း (၃၈) ရင်းကျော် ပါဝင်နေပြီး အချို့တပ်ရင်းများသည် အကြိမ်ကြိမ် ကျူးလွန်မှုများ ရှိနေသည်ကိုတွေ့ရသည်။

လူ့အခွင့်အရေးမှတ်တမ်းတင်မှုများအပေါ် ရှိနေဆဲအကန့်အသတ်များကြောင့် ဤမှတ်တမ်းသည် အမှန်တကယ် ဖြစ်ပွားနေသော ချိုးဖောက်ကျူးလွန်မှုများ၏ အစိတ်အပိုင်းငယ်တခုမျှသာဖြစ်ပြီး တနိုင်ငံလုံးတွင်ဖြစ်ပျက်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှု အများအပြားရှိနေနိုင်သေးသည်ဟု WLB မှ သုံးသပ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ၂၀၁၃ ဇွန် ၂၄ တွင် နောက်ဆုံး ချမှတ် ခဲ့သော ဆုံးဖြတ်ချက်တွင် လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ အဖွဲ့အစည်းများအားလုံးအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အားလုံးကို လုံးဝရပ်ဆိုင်း သွားစေရေးအတွက် ချက်ချင်းလုပ်ဆောင်ကြရန် ထပ်မံတောင်းဆိုထားသည်။ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တိုင်းရင်းသားဒေသများရှိ ချိုးဖောက်ကျူးလွန်မှုများကို အဆုံးသတ်စေမည့် အဓိပ္ပါယ်ရှိသော လုပ်ငန်းစဉ်အနေဖြင့် လုပ်ဆောင်သင့်ပြီး မကြာမီလုပ်ဆောင်သွားမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် တွေ့ဆုံမည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် တပ်မတော်၏ အခန်းကဏ္ဍကို မလွဲမသွေထည့်သွင်းဆွေးနွေးရန် အရေးကြီးသည်။

ထို့ကြောင့် လတ်တလောနိုင်ငံရေးပြောင်းလဲမှုအပေါ် မြန်မာအစိုးရအနေဖြင့် တာဝန်ခံမှုရှိကြောင်း ပြသနိုင်ပြီး၊ မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးများအတွက် လိုအပ်သောဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် အချိန်ကောင်းဖြစ်သည့် အားလျော်စွာ တခုတည်းသော မဖြစ်မနေ လုပ်ဆောင်ရန် အရေးကြီး လိုအပ်ချက်ကို WLB အထွေထွေအတွင်းရေးမှူး ဒေါ်တင်တင်ညို့မှ အောက်ပါအတိုင်း ထောက်ပြလိုက်သည်။

"အဓမ္မပြုကျင့်မှုနဲ့ အခြားအမျိုးသမီးများ တွေ့ကြုံခဲ့ရတဲ့ အကြမ်းဖက်မှုတွေအတွက် တရားမျှတမှုရရှိစေဖို့ဆိုရင် အမှန်တရားနဲ့ တရားမျှတမှု ဖော်ထုတ်ခြင်းအစီအစဉ်တွေကို စတင်စဉ်းစားအကောင်အထည်ဖော်ဖို့လိုပါတယ်။ ဒီ့အပြင် စစ်မှန်ပြီး အားလုံးပါဝင်နိုင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်နေတယ်ဆိုရင် အကြမ်းဖက်မှုတွေကို ချက်ချင်းရပ်တန့်ဖို့အပြင် မြန်မာနိုင်ငံရဲ့ ဥပဒေရေးရာ မူဘောင်တွေ၊ မှားယွင်းနေတဲ့ အခြေခံဥပဒေနှင့် တရားစီရင်ရေးစနစ်တွေကိုလည်း နက်နက်ရှိုင်းရှိုင်း ထိထိရောက်ရောက် ပြုပြင်ပြီး အမျိုးသမီးတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေကို ချမှတ် အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။"

လက်ရှိအစိုးရကျင့်သုံးနေသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ပါဝင်သည့် ပုဒ်မ ၄၄၅ သည် စစ်အရာရှိများကို လွှမ်းခြုံပြီး တာဝန်ထမ်းဆောင်စဉ် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အရေးယူခံရမှုမှ ကင်းလွတ်ခွင့်ကို အာမခံချက်ပေးထားသည့်အပေါ် အမျိုးသမီးများအကြမ်းဖက်ခံခဲ့ရမှုများအတွက် တရားမျှတမှုကို ဆောင်ကျဉ်းပေးနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ပြင်ဆင်ခြင်းကို မြန်မာနိုင်ငံမှ အမျိုးသမီးများ တရားမျှတမှုရရှိရေးအတွက် အာမခံချက်ရှိစေရန် ပထမခြေလှမ်းအဖြစ် လုပ်ဆောင်ရမည်ဖြစ်ပြီး ထိုမှတဆင့် အမျိုး

သမီးများကို အကြမ်းဖက်မှုများမှ ကာကွယ်ပေးမည့် ဥပဒေများကို ထည့်သွင်းအတည်ပြုချမှတ် အကောင်အထည်ဖော်သွားရန် WLB က တိုက်တွန်းလိုက်ရပေသည်။

ဆက်သွယ်ရန်။

ချင်းမိုင် (ထိုင်းနိုင်ငံ)

နော်ကညောဖော - 66 81 029 5503

ဂျက်စီကာ - 66 89 954 7074

မြန်မာနိုင်ငံ (ရန်ကုန်)

ဒေါ်တင်တင်ညို - +959450066963

နော်စူစင်းနာလှလှစိုး - +95973021025